မြန်မာစစ်တပ်ဖော်ဆောင်နေသော 'ရန်နိုင်အောင်'စစ်ဆင်ရေး

၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက်ကစ၍ မြန်မာစစ်တပ်သည် အာရက္ခတပ်တော် (ULA/AA)၏ ထိန်းချုပ်နယ်မြေများကို ကြည်း၊ ရေ၊ လေ လမ်းကြောင်းပေါင်းစုံမှ ထိုးစစ်ဆင်ခဲ့သည်။ ယင်းစစ်ဆင်ရေးအတွင်း ယနေ့အထိ ထိတွေ့တိုက်ပွဲပေါင်း ၃၂ ကြိမ် ထက်မနည်းနှင့် လေကြောင်းတိုက်ခိုက်မှု အနည်းဆုံး ၇၁ ကြိမ်ရှိခဲ့ပြီး အရပ်သား ၇၀ ဦးထက်မနည်း သေဆုံးခဲ့သည်။ တိုက်ပွဲများ ပြင်းထန်လျက်ရှိသော်လည်း ULA/AA ဘက်တွင် နယ်မြေဆုံးရှုံးမှု မရှိသေးပေ။



ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်ကနေ ၂၉ ရက်အထိ။ ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သော ရင်းမြစ်များ (open-source)ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။